# သင်၏ကလေးအား ဘဝတစ်သက်တာ ကာကွယ်ပါ။

ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးတွင် အသည်းရောင်အသားဝါ (ဘီ) ပိုး ရှိနေလျှင်



## ကိုယ်ဝန်ဆောင်အမျိုးသမီးများ အနေဖြင့် အသည်းရောင်အသားဝါ (ဘီ) ရောဂါပိုးအား အဘယ်ကြောင့် စိုးရိမ်ဖို့လိုအပ်သနည်း။

အသည်းရောင်အသားဝါ (ဘီ) သည် တစ်ဦးမှတစ်ဦး အလွယ်တကူ ကူးစက်နိုင်သော ပြင်းထန်သည့် အသည်းရောဂါတစ်မျိုးဖြစ်သည်။ အမျိုးသမီးတစ်ဦးအတွက် အသည်းရောင်အသားဝါ (ဘီ) ရှိမရှိ သိရှိနိုင်ရန် အရေးကြီးသည်။ သို့မှသာ ဆေးဝါးကုသမှု ခံယူနိုင်မည် ဖြစ်ပါသည်။ အသည်းရောင်အသားဝါ (ဘီ) ရှိသူ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးအနေဖြင့်လည်း မွေးဖွားစဉ် ကလေးသို့ ကူးစက်စေနိုင်ပါသည်။ ကံကောင်းထောက်မစွာ ကလေးငယ်များအား အသည်းရောင်အသားဝါ (ဘီ) ကာကွယ်နိုင်သောဆေး `ဗက်ဆီးန်´ (Vaccine) ရှိနေပါသည်။



## အသည်းအရောင်အသားဝါ (ဘီ) သည် အဘယ်နည်း။

`အသည်းရောင်အသားဝါ´ (Hepatitis) သည် အသည်းပွခြင်းဟု အဓိပ္ပါယ်ရသည်။ အသည်းရောင်အသားဝါ (ဘီ) သည် အသည်းရောင် (ဘီ) ပိုး ကူးစက်ခြင်းကြောင့် ဖြစ်ပွားသော ကူးစက်လွယ်သည့် အသည်းရောဂါတစ်မျိုးဖြစ်ပါသည်။ အသည်းရောင် (ဘီ) ပိုး ကူးစက်ခံရသော လူတစ်ဦး၏ကိုယ်ထဲတွင် အဆိုပါပိုးသည် သူ၏ သက်တမ်းတစ်လျှောက်လုံး ရှိနေနိုင်ပြီး ကြီးမားသည့် အသည်းပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။

## အသည်းရောင်အသားဝါ (ဘီ) သည် ကလေးငယ်များသို့ ကူးစက်ပြန့်ပွားနိုင်ပါသလား။

ပြန့်ပွားနိုင်ပါသည်။ အသည်းရောင်အသားဝါ (ဘီ) သည် ကလေးငယ်သို့ မွေးဖွားစဉ်တွင် ပြန့်ပွားနိုင်ပါသည်။ ၎င်းပိုးမွှားသည် ပုံမှန် မွေးရိုးမွေးစဉ်မှလည်းကောင်း၊ ခွဲမွေးခြင်းမှလည်းကောင်း ပြန့်ပွားနိုင်ပါသည်။

## အခြားနည်းလမ်းများဖြင့် အသည်းရောင်အသားဝါ (ဘီ) ပြန့်ပွားနိုင်ပါသလား။

ရောဂါပိုးရှိသူ၏ သွေးရည်၊ သုတ်ရည်နှင့် အခြားသော ကိုယ်ခန္ဓာမှထွက်သည့် အရည်များသည် ရောဂါပိုးမရှိသူ၏တစ်ဦး၏ ကိုယ်ခန္ဓာအတွင်းသို့ ဝင်ရောက်သောအခါတွင်လည်း အသည်းရောင်အသားဝါ (ဘီ) ပိုး ကူးစက်နိုင်ပါသည်။ ဗိုင်းရပ်စ်ပိုးသည် ကူးစက်နိုင်စွမ်း အလွန်မြင့်မားသဖြင့် အရေပြားအားဖေါက်ဝင်ခြင်း၊ သို့မဟုတ် နာခေါင်း၊ ပါးစပ်၊ မျက်လုံးတို့ကဲ့သို့ နူးညံ့သည့် နေရာများမှ အလွယ်တကူ ကူးစက်နိုင်ပါသည်။

ရောဂါပိုးရှိသူနှင့် သွေးချင်း ထိတွေ့မိခြင်းမှလည်း ကူးစက်နိုင်ပြီး၊ သာမန်မျက်စိဖြင့် မမြင်ရသည့် အလွန်သေးငယ်သော ပမာဏလောက်မျှနှင့်ပင် ပျံ့နှံ့နိုင်ပါသည်။ အခြားတစ်နည်းမှာ ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်းဖြစ်ပါသည်။

> မွေးဖွားပြီးမှ ၁၂ နာရီအတွင်း HBIG ဆေးနှင့် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေး `ဗက်ဆီးန်´ ကို ကလေးများအားထိုးပေးရန် CDC က ထောက်ခံထားသည်။

## အသည်းရောင်အသားဝါ (ဘီ) သည် မည်မျှ ပြင်းထန်သနည်း။

အသည်းရောင်အသားဝါ (ဘီ) ကူးစက်ခံရသော ကလေးငယ်များသည် ဘဝတစ်သက်တာ၊ နာတာရှည် ကူးစက်မှုဖြစ်ပွားနိုင်ချေ ၉၀% ထိ ရှိနေပါသည်။ နာတာရှည် အသည်းရောင်အသားဝါ (ဘီ) ပိုးရှိသူ လေးယောက်လျှင် တစ်ယောက်နှုန်းထိအောင် ပြင်းထန်သည့် ကျန်းမာရေးပြဿနာများ ခံစားရသည်။ ထို့ပြင် နာတာရှည် အသည်းရောင်အသားဝါ (ဘီ) ပိုးကြောင့် အသည်းထိခိုက်ခြင်း၊ အသည်းရောဂါနှင့် အသည်းကင်ဆာတို့လည်း ဖြစ်ပွားစေနိုင်သည်။



## အသည်းရောင်အသားဝါ (ဘီ) ပိုးသည် မည်မျှထိ ကျယ်ပြန့်နေသနည်း။

ကမ္ဘာအဝှမ်းတွင် အသည်းရောင်အသားဝါ (ဘီ) ပိုး ကူးစက်နေသူပေါင်း သန်း ၃၅၀ ရှိပြီး၊ အမေရိကန်ပြည်ထောင်စုတွင် ၁.၂ သန်း ရှိပါသည်။

## ကလေးငယ်တစ်ဦးအား အသည်းရောင်အသားဝါ (ဘီ) ပိုး ကူးစက်ခြင်းမခံရအောင် ဆရာဝန်များမှ ကာကွယ်နိုင်ပါသလား။

ကာကွယ်နိုင်ပါသည်။ အသည်းရောင်အသည်းဝါ (ဘီ) ရှိသူ မိခင်များမှ မွေးဖွားလာသော ကလေးငယ်များအား မွေးဖွားပြီး မကြာခင် ဆေးနှစ်ကြိမ်ထိုးရပါမည်။ ပထမအကြိမ်သည် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေး `ဗက်ဆီးန်´ ဖြစ်ပြီး ဒုတိယအကြိမ်အား HBIG ဟု ခေါ်သည်။ အဆိုပါ ဆေးနှစ်ကြိမ်သည် ကလေးငယ်အား အသည်းရောင်အသားဝါ (ဘီ) မှ ကာကွယ်နိုင်ပါသည်။ ဆေးများကို မွေးဖွားပြီးချင်း ၁၂ နာရီအတွင်း ထိုးပေးလျှင် အကောင်းဆုံးဖြစ်ပါသည်။

## HBIG သည် အဘယ်နည်း။

HBIG သည် ကလေးငယ်တစ်ဦး၏ ကိုယ်ခန္ဓာအား `စွမ်းအားမြှင့်´ ပေးခြင်း၊ သို့မဟုတ် မွေးဖွားပြီးပြီးချင်း ဗိုင်းရပ်စ်ပိုးမွှားများအား ခုခံတိုက်ခိုက်ရန် အပိုဆောင်းကူညီပေးသော ဆေးဝါးတစ်မျိုးဖြစ်ပါသည်။ HBIG ဆေးအား အသည်းရောင်အသားဝါ (ဘီ) ရှိသော မိခင်များမှ မွေးဖွားလာသော ကလေးများကိုသာ ထိုးပေးပါသည်။



## ကျွန်တော်/မ၏ မိသားစုသည် အသည်းရောင်အသားဝါ (ဘီ) ရောဂါမှ ထာဝရ ကာကွယ်ပြီးဖြစ်ကြောင်း မည်သို့ အသေအချာ သိရှိနိုင်မည်နည်း။

**မိသားစုဝင်အားလုံး အသည်းရောင်အသားဝါ (ဘီ) ပိုး စစ်ဆေးပါ**
သင့်ကလေး၏ အဖေနှင့် အိမ်တွင်နေထိုင်သော **မိသားစုဝင်များအားလုံး** သည် ဆရာဝန်၊ သို့မဟုတ် ဆေးခန်းသို့သွားရောက်ကာ စစ်ဆေးသင့်ပါသည်။ သင့်မိသားစုဝင်များအား စစ်ဆေးခြင်းအားဖြင့် ၎င်းတို့တွင် အသည်းရောင်အသားဝါ (ဘီ) ပိုး ရှိမရှိ သင်သိရှိနိုင်လိမ့်မည်။ ၎င်းတို့တွင် ရောဂါပိုး မရှိခဲ့လျှင် ဆရာဝန်က အသည်းရောင်အသားဝါ (ဘီ) ပိုး ကာကွယ်ဆေး `ဗက်ဆီးန်´ ထိုးရန် အကြံပေးပါလိမ့်မည်။ သို့မှသာ အသည်းရောင်အသားဝါ (ဘီ) ပိုး ကူးစက်ခြင်းမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။

**ထိခိုက်ရှနာနှင့် အနာများအား ကာကွယ်ထားပါ**
အသည်းရောင်အသားဝါ (ဘီ) ပိုးသည် သွေးမှတစ်ဆင့် ပျံ့ပွားနိုင်ခြင်းကြောင့် ပိုးရှိသူတို့သည် ၎င်းတို့၏ သွေးပါရှိသော အရာများအား အခြားသူများသို့ ဖွင့်လှစ်ပြသမိခြင်း မရှိစေရန် ဂရုစိုက်သင့်ပါသည်။ မုတ်ဆိတ်ရိပ်ဓါး၊ လက်သည်းညှပ်၊ သွားတိုက်တံ သို့မဟုတ် ဂလူးကို့စ် စစ်ဆေးခြင်းကဲ့သို့သော တစ်ကိုယ်ရည်သုံးပစ္စည်းများအား ဝေမျှမသုံးစွဲမိစေရန် အရေးကြီးသည်။ ထိခိုက်ရှနာများနှင့် အနာများအား ကုသနေစဉ်အတွင်း လုံခြုံစွာ ဖုံးအုပ်ကာကွယ်ထားသင့်သည်။

**သင်၏ ကလေးအား ထမင်းဝါးကျွေးခြင်းမှ ရှောင်ကျဉ်ပါ။**
ခံတွင်းထဲတွင် သွေးစအနည်းငယ်ခန့် ရှိနေနိုင်ပါသည်။ ကလေးငယ်အား ဝါးပေးထားသော အစားအစာအား မကျွေးပါနှင့်။

## ကျွန်တော်/မ၏ ကလေးအား အသည်းရောင်အသားဝါ (ဘီ) ဆေးဝါးများ ဘယ်နှစ်ကြိမ်ထိုးပေးရန် လိုအပ်သနည်း။

`ဗက်ဆီးန်´ ဆေးဝါး အမျိုးအစားကိုလိုက်၍ သင်၏ကလေးအား ၃ ကြိမ်၊ သို့မဟုတ် ၄ ကြိမ်ထိုးပေးရန် လိုအပ်နိုင်ပါသည်။ ဆေးရုံတွင် ပထမအကြိမ်ထိုးသွင်းပြီးနောက် ဒုတိယအကြိမ်အား ၁ လမှ ၂ လအတွင်း ထပ်မံထိုးပေးရပါလိမ့်မည်။ နောက်ဆုံးအကြိမ်အား များသောအားဖြင့် သင်၏ကလေး တစ်နှစ်သားအရွယ်တွင် ထိုးပေးရပါလိမ့်မည်။ ဆေးထိုးပြီးတိုင်း နောက်တစ်ကြိမ် မည်သည့်အချိန်တွင် ထပ်မံထိုးရမည်ကို သင်၏ ဆရာဝန်၊ သို့မဟုတ် သူနာပြုအား မေးမြန်းပါ။

## ကျွန်တော်/မ၏ ကလေးသည် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးအားလုံး ထိုးသွင်းဖို့ လိုအပ်ပါသလား။

အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေး ထိုးသွင်းခြင်း အားလုံးသည် သင်၏ကလေးအား အသည်းရောင်အသားဝါ (ဘီ) ကူးစက်ခြင်းမှ ကာကွယ်ရန် ကူညီသည့် လိုအပ်သော ဆေးဝါးများသာ ဖြစ်ပါသည်။

> **အသည်းရောင်အသားဝါ (ဘီ) ရောဂါ ကာကွယ်ပါ။**
> **သင်၏ကလေးအား `ဗက်ဆီးန်´ ဆေးထိုးပါ။**

## ကျွန်တော်/မ၏ ကလေးသည် ရောဂါကာကွယ်ပြီးကြောင်း မည်သို့သိရှိနိုင်ပါသနည်း။

အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးများ ထိုးသွင်းပြီးနောက် သင်၏ ဆရာဝန်က သင့်ကလေး၏ သွေးအား စစ်ဆေးပါလိမ့်မည်။ အဆိုပါ သွေးစစ်ဆေးခြင်းမှ သင်၏ဆရာဝန်နှင့် သင့်အား ကလေးတွင် အသည်းရောင်အသားဝါ (ဘီ) ပိုးမွှား ထာဝရ ကင်းရှင်းပြီးဖြစ်ကြောင်း သိရှိစေပါလိမ့်မည်။ သွေးစစ်ဆေးခြင်းသည် များသောအားဖြင့် နောက်ဆုံးအကြိမ်ဆေးထိုးပြီးနောက် ၁ လမှ ၂ လအကြာတွင် ဖြစ်ပါသည်။ သွေးစစ်ဆေးခြင်းသည် အရေးကြီးသဖြင့် သင်၏ကလေးအား ဆရာဝန်ထံသို့ ပြန်လည်ယူဆောင် စစ်ဆေးကြည့်ရန် သေချာပါစေ။

## အသည်းရောင်အသားဝါ (ဘီ) ပိုး သည် အောက်ပါတို့မှ မကူးစက်နိုင်ပါ။



**နို့တိုက်ကျွေးခြင်း**
သင်၏ကလေးအား နို့တိုက်ကျွေးခြင်းသည် လုံခြုံမှုရှိပါသည်။ နို့တိုက်ကျွေးခြင်းမှ သင်၏ ကလေးအား အသည်းရောင်အသားဝါ (ဘီ) ပိုး မကူးစက်စေနိုင်ပါ။

**ချက်ပြုတ် စားသောက်ခြင်း**
သင်၏မိသားစုနှင့်အတူ ချက်ပြုတ်စားသောက်ခြင်းသည် လုံခြုံမှုရှိပါသည်။ ပန်းကန်ခွက်ယောက်များအား ဝေမျှသုံးစွဲခြင်း၊ ချက်ပြုတ်စားသောက်ခြင်း၊ သို့မဟုတ် ရေတစ်ခွက်တည်း အတူသောက်ခြင်းတို့ကြောင့် အသည်းရောင်အသားဝါ (ဘီ) ပိုး မကူးစက်စေနိုင်ပါ။

**ဖက်ရမ်းနမ်းရှုပ်ခြင်း**
သင်၏ကလေး၊ မိသားစုဝင်များ၊ သို့မဟုတ် ရင်းနှီးသူများအား ဖက်ရမ်းနမ်းရှုပ်နိုင်ပါသည်။ ဖက်ရမ်းနမ်းရှုပ်ခြင်းကြောင့် အခြားသူများအား အသည်းရောင်အသားဝါ (ဘီ) ပိုး မကူးစက်စေနိုင်ပါ။ နှာချေခြင်း၊ ချောင်းဆိုးခြင်းများကြောင့်လည်း အသည်းရောင်အသားဝါ (ဘီ) ပိုး မကူးစက်စေနိုင်ပါ။

## အပိုဆောင်းအချက်အလက်များ

သင်၏ မိသားစုဆရာဝန်အား တိုင်ပင်ပါ။ သင်၏ကျန်းမာရေးဌာနသို့ မေးမြန်းပါ။ သို့မဟုတ် www.cdc.gov/hepatitis သို့ ဝင်ရောက်ကြည့်ရှုပါ။*

*ဝက်ဆိုက်အား မြန်မာဘာသာဖြင့် ဖတ်ရှု၍မရပါ

DEPARTMENT OF HEALTH & HUMAN SERVICES
Centers for Disease Control and Prevention
*Division of Viral Hepatitis*

CDC
SAFER • HEALTHIER • PEOPLE™